၂၀၂၆ ခုနှစ်၊ မတ် ၁၆ ရက်၊ တနင်္လာနေ့။

## တောင်သူနည်းပညာဆွေးနွေးပွဲများ ကျင်းပပေးလျက်ရှိ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးသူ တောင်သူလယ်သမားများအား သုတနှင့် နည်းပညာပြန့်ပွားစေရေးရည်ရွယ်၍ တောင်သူနည်းပညာဆွေးနွေးပွဲကို အပတ်စဉ် ကျင်းပပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတိုးတက်ထွန်းကားရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ကျေးရွာသစ်လွင်ရှားမှု စီမံကိန်းကို စံပြကျေးရွာ ၂၅၀ တွင် လယ်ယာကဏ္ဍဖွံ့ဖြိုးရေး အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များအား တိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေးကို ဦးစားပေးဆောင်ရွက်ပြီး ကျေးရွာတစ်ရွာ ထုတ်ကုန် တစ်မျိုးအသွင်ဖြင့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းများကို ဆန်းသစ်တီထွင်ပြီး ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးသုတေသနဌာန၊ စိုက်ပျိုးရေးတက္ကသိုလ်တို့မှ စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူ ပံ့ပိုးကူညီပေးရေးဆောင်ရွက်ပြီး နည်းပညာပြန့်ပွားရေးလုပ်ငန်းများအတွက် ဤစံပြကျေးရွာ ၂၅၀ မှတစ်ဆင့် တိုးချဲ့၍ စိုက်ပျိုးရေးဦးစီးဌာနမှ ထိရောက်စွာ ဆောင်ရွက်ရေးနှင့် လိုအပ်သောအသိပညာနှင့် နည်းပညာများကို ပံ့ပိုးရေးလုပ်ငန်းများတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်က ကူညီဆောင်ရွက်ရန် လိုအပ်သည့် အနာဂတ်ကာလတွင် ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ပြီး ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးမှသည် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအထိ အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးပညာပေး ဝန်ထမ်းများအနေဖြင့် ယနေ့ခေတ်ကာလနှင့် လျော်ညီစွာ တောင်သူများအား AI နည်းပညာများ သင်ကြားပေးခြင်းအပြင် Zoom Application ကိုအသုံးပြု၍ သင်တန်းများ၊ ဆွေးနွေးပွဲများ တက်ရောက်နိုင်စေရန် Zoom အသုံးပြုနည်းကို တတ်မြောက်အောင် သင်ကြားပေးရန်၊ လူမှုကွန်ရက်မီဒီယာကို အသုံးချပြီး ထိရောက်စွာပညာပေးခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်ပေးသင့်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မတ် ၁၄ ရက် နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည့် (၁၀၆)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ၌ ပြောကြားသည်။

ယခုကဲ့သို့ တောင်သူများနှင့် တွေ့ဆုံစဉ် တောင်သူများ၏ အခက်အခဲများနှင့် ဆောင်ရွက်နေမှုအခြေအနေများကို သိရှိနိုင်မည်ဖြစ်ပြီး တောင်သူများ၏ လက်တွေ့ဘဝများထံမှ စိုက်ပျိုးရေးဆိုင်ရာပညာရပ်များအသုံးချမှု၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများကို တိုက်ရိုက်တွေ့ဆုံကာ ဆွေးနွေးအဖြေရှာခြင်းသည် အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးရေးကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်သည်။

တောင်သူနည်းပညာဆွေးနွေးပွဲများကို အပတ်စဉ် ကျင်းပပေးခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် နည်းပညာများနှင့် အတွေ့အကြုံများကို လက်တွေ့လယ်ယာလုပ်ငန်းများတွင် အသုံးချဆောင်ရွက်နိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေးထုတ်လုပ်မှု တိုးတက်လာစေရန်နှင့် တောင်သူများ၏ ဝင်ငွေတိုးပွားရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## သာသနာနုဂ္ဂဟဓမ္မာရုံ ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ



**မန္တလေး မတ် ၁၅**

မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး ခရိုင်၊ မြို့နယ်ဥပဒေရုံးအဆင့်ဆင့်မှ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်မိသားစုများ၏ စုပေါင်းလှူဒါန်းမှုကုသိုလ်များဖြင့် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးပိုင် ဥပဒေအရာရှိများ ရိပ်သာဝင်းအတွင်း အသစ်တည်ဆောက်ပြီးစီးသည့် သာသနာနုဂ္ဂဟဓမ္မာရုံ ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင် ရပ်ကွက်အတွင်းရှိ အဆိုပါဓမ္မာရုံ၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် မဟာနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ ဆရာတော်ကြီး အမှူးပြုသော ဆရာတော်ကြီးများ၊ ပင့်သံဃာတော်များကြွရောက်ချီးမြှင့်တော်မူကြပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်တို့မှ ဥပဒေအရာရှိများနှင့် ဝန်ထမ်းများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။ **(အပေါ်ပုံ)**

အစီအစဉ်အရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော်ကြီးထံမှ ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်မြတ်ကို ရိုသေစွာ နာယူကြည်ညိုခြင်း၊ သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းများကို အစီအစဉ်များအတိုင်း ဆောင်ရွက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် မဟာနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြည်ညိုကြ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဆရာတော်၊သံဃာတော်များအား မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်နှင့်အလှူရှင်များက နေ့ဆွမ်းဆက်ကပ်ကြပြီး အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးရွာသွန်းဖြိုးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၅)**

## ဆေးဝါးတက္ကသိုလ်(မန္တလေး)၏ (၂၂)ကြိမ်မြောက်နှင့် (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပ

**အမရပူရ မတ် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်ရှိ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ ဆေးဝါးတက္ကသိုလ်(မန္တလေး)၏ (၂၂)ကြိမ်မြောက်နှင့် (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပသည်။

ဦးစွာ ဆေးဝါးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် (ပူးတွဲတာဝန်) ပါမောက္ခ ဒေါက်တာမျိုးသက်တင်၊ ဒုတိယပါမောက္ခချုပ်ပါမောက္ခဒေါက်တာကျော်စိုး၊ ပညာရေးအဖွဲ့ဝင်များနှင့် စီမံခန့်ခွဲရေးအဖွဲ့ဝင်များက ဘွဲ့နှင်းသဘင်စင်မြင့်၌ နေရာယူကြပြီး ဘွဲ့ရကျောင်းသား၊ ကျောင်းသူများက အဓိဋ္ဌာန်ပြု ကတိသစ္စာရွတ်ဆိုကြသည်။

ထို့နောက် ပါမောက္ခချုပ်က ဘွဲ့ရကျောင်းသား၊ ကျောင်းသူများထံ သက်ဆိုင်ရာဘာသာရပ်အလိုက်ဘွဲ့များအပ်နှင်းပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။ **(အပေါ်ယာပုံ)**





ယနေ့ကျင်းပသည့် ဆေးဝါးတက္ကသိုလ်(မန္တလေး)၏(၂၂)ကြိမ်မြောက်နှင့် (၂၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင်တွင် ပါရဂူဘွဲ့ရရှိသူ သုံးဦး၊ ဆေးဝါးမဟာသိပ္ပံဘွဲ့ရရှိသူ လေးဦး၊ ဆေးဝါးသိပ္ပံဘွဲ့ရရှိသူ ၁၂၉ ဦးနှင့် အဝေးရောက်ဘွဲ့ ရရှိသူ တစ်ဦးတို့ကို ဘွဲ့များအပ်နှင်းခဲ့သည်။ ဆေးဝါးတက္ကသိုလ်(မန္တလေး)မှ ယခုအချိန်ထိ ဆေးဝါးသိပ္ပံဘွဲ့ရရှိသူ ၁၈၄၀ ဦး၊ ဆေးဝါးမဟာသိပ္ပံ ဘွဲ့ရရှိသူ ၄၇ ဦးနှင့် ဆေးဝါးသိပ္ပံ ပါရဂူဘွဲ့ရရှိသူ ၁၁ ဦး တို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ **စိုးသီဟ(အမရ)**

## “နွေလယ်မိုး” အမည်ဖြင့် ပန်းချီဆရာ အောင်သန်းညို၏ စတုတ္ထအကြိမ် တစ်ကိုယ်တော် ပန်းချီပြပွဲ ဖွင့်လှစ်ပြသ



**မန္တလေး မတ် ၁၅**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်၊ ၅၇ လမ်း၊ ၁၀၃ လမ်းနှင့် ၁၀၄ လမ်းကြားရှိ COLLECTOR'S SOUL ART GALLERY အနုပညာပြခန်းတွင် “နွေလယ်မိုး” အမည်ဖြင့် ပန်းချီဆရာအောင်သန်းညို၏ စတုတ္ထအကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲကို မတ် ၁၄ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ပြသခဲ့သည်။

အဆိုပါပန်းချီပြပွဲတွင် ပန်းချီဆရာအောင်သန်းညို၏ အရွယ်စုံဆိုက်စုံ ပန်းချီကားချပ်ပေါင်း ၅၂ ကားကို ပြသလျက် ပြပွဲအား မတ် ၁၄ ရက်မှ ၁၈ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိပြသသွားမည်ဖြစ်၍ ပန်းချီချစ်မြတ်နိုးသူများ လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။ **(၀၇၀)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြန်မာ့ယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ်အဆောက်အအုံစာရင်းဝင် မဟာမင်းထင်သစ်သားကျောင်းတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းစတင်ခြင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်





**မန္တလေး မတ် ၁၅**

၂၀၁၅ ခုနှစ်၊ မတ် ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်ရှိ မြန်မာ့ယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ်အဆောက်အအုံစာရင်းဝင် မဟာမင်းထင်သစ်သားကျောင်းတော်ကြီးအား ပြန်လည်ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းစတင်ခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အဆိုပါကျောင်းတော်ကြီးရှေ့၌ ကျင်းပရာ မဟာအောင်မြေမြို့နယ်၊ မဟာမင်းထင်တိုက်(တိုက်အုပ်)၊ အောင်ရတနာကျောင်း ဆရာတော် ဘဒ္ဒန္တဝိလာသဂ္ဂ ကြွရောက်ချီးမြှင့်တော်မူသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ) ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အသင်းသူ၊ အသင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် မန္တလေးဒေသ၊ အင်းဝ၊ ပင်းယ၊ မြင်စိုင်း၊ မက္ခရာဒေသရှိ ရှေးဟောင်းအဆောက်အအုံများနှင့် တန်ခိုးကြီးစေတီပုထိုးများစွာ ထိခိုက်ပျက်စီးခဲ့ရာ မဟာမင်းထင်ကျောင်းလည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ ခေတ်အဆက်ဆက် တည်ဆောက်လှူဒါန်းခဲ့ကြသော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်လက်ရာ သစ်သားကျောင်းတော်ကြီးများအား တွေ့မြင်နိုင်ပြီး နှစ်ပေါင်း(၁၇၀)ကျော်ရှိပြီဖြစ်သည့် ယခုသစ်သားကျောင်းတော်ကြီးမှာ မြန်မာ့ယဉ်ကျေးမှုပြယုဂ်အဖြစ် အဆောင်ဖွဲ့စည်းမှုများ ပါဝင်သော စံပြမြန်မာ့သစ်သား ဘုန်းတော်ကြီးကျောင်းများထဲမှ တစ်ကျောင်းအပါအဝင်ဖြစ်ပြီး ကြီးမားခံ့ညားထည်ဝါ၍ အနုလက်ရာများကျန်ရှိသည့် ကျောင်းဖြစ်သည့်အတွက် ပြုပြင်ထိန်းသိမ်းခြင်းဆောင်ရွက်ရာတွင် ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက မြန်မာ့ယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ် အဆောက်အအုံစာရင်းဝင် မဟာမင်းထင်သစ်သားကျောင်းတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ဖြစ်ပုံနှင့် ရည်ရွယ်ချက်အား ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ မဟာမင်းထင်တိုက်(တိုက်အုပ်)၊ အောင်ရတနာကျောင်း ဆရာတော်က မြန်မာ့ယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ် အဆောက်အအုံစာရင်းဝင် မဟာမင်းထင်သစ်သားကျောင်းတော်ကြီး ရှေးမှုမပျက် ပြန်လည်ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်း စတင်ခြင်းအထိမ်းအမှတ်ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းဖွင့်လှစ်ပေး၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများက အထိမ်းအမှတ်ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီးနောက် သစ်သားကျောင်းတော်ကြီး ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါ သစ်သားကျောင်းတော်ကြီးမှာ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများရှိခဲ့ပြီး ပြန်လည်ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)တို့မှ အနီးကပ်ကြီးကြပ်မှု၊ ဂျပန်နိုင်ငံရှိ AEON Coporation နှင့် ဂျပန်ပြည်သူများမှ လှူဒါန်းမှုအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့မှ အကောင်အထည်ဖော်မှုတို့ဖြင့် ပြန်လည်ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## ၂၀၁၆ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနား ကျင်းပ

**မိတ္ထီလာ မတ် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ၂၀၁၆ ခုနှစ်၊ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက မိတ္ထီလာပညာရေးဒီဂရီကောလိပ် ပညာပါရမီခန်းမတွင် ကျင်းပခဲ့သည်။ **(အောက်ပုံ)**

၂၀၁၆ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနား၌ မိတ္ထီလာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် "ထုတ်ကုန်ဘေးကင်းလုံခြုံမှု ယုံကြည်စိတ်ချ စားသူဘဝ" ဆောင်ပုဒ်နှင့်အညီ စားသုံးသူအခွင့်အရေးများ ထိထိရောက်ရောက် ကာကွယ်ရရှိစေရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။ ၎င်းနောက် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Video Clip အားပြသပြီး မိတ္ထီလာခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်းက စားသုံးသူကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် စားသုံးသူရေးရာဦးစီးဌာနနှင့် ပညာရေးဒီဂရီကောလိပ်မှ ဝန်ထမ်းများက "စားသုံးခွင့်ရေးကာကွယ်ပေး" သီချင်းကို သရုပ်ဖော်ကပြပြီး ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများက ပဟေဠိလားအတီးဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ရာ ဖျော်ဖြေတင်ဆက်ခဲ့သည့် အဖွဲ့များအား တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးနှင့် မိတ္ထီလာခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။



အဆိုပါအခမ်းအနားသို့ မိတ္ထီလာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စုလတ်ထွေးနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**(၄၆၉)**



## ပြည်သူ့သက်သာဈေးဖွင့်လှစ်၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**ကျောက်ဆည် မတ် ၁၅**

မန္တလေးတိုင်းဒေသကြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးဆောင်၍ ရည်ညွှန်းဈေးဖြင့် စားအုန်းဆီ ပိဿာ ၁၀၀ နှင့် အခြေခံစားသောက်ကုန်များကို ကျောက်ဆည်ခရိုင် နည်းပညာတက္ကသိုလ် (ကျောက်ဆည်)၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ယနေ့နံနက် ၈ နာရီက ပြည်သူ့သက်သာဈေးဖွင့်လှစ်၍ အခြေခံစားသောက်ကုန်များဖြစ်သည့် အသား၊ ငါးနှင့် စားအုန်းဆီများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချရာ၌ စားအုန်းဆီ ပိဿာ ၁၀၀ အား ရည်ညွှန်းဈေးဖြင့်လည်းကောင်း၊ ဝက်သားတစ်ပိဿာ ငွေကျပ် ၂၆၀၀၀ ဖြင့် ၃၅ ပိဿာ၊ အမဲသားတစ်ပိဿာ ငွေကျပ် ၂၅၀၀၀ ဖြင့် ၂၅ ပိဿာ၊ ဆိတ်သားတစ်ပိဿာ ငွေကျပ် ၂၈၀၀၀ ဖြင့် ၁၅ ပိဿာတို့ကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(၄၈၅)**



## ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း သင်တန်းအမှတ်စဉ်(၁၉) ဒုတိယနှစ် သင်တန်းဆင်း စာမေးပွဲ ကျင်းပ

**မန္တလေး မတ် ၁၅**

မန္တလေး၊ အောင်မြေသာစံမြို့နယ်အတွင်းရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၏ သင်တန်းအမှတ်စဉ်(၁၉) ဒုတိယနှစ် သင်တန်းဆင်းစာမေးပွဲကို ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ မတ် ၁၄ ရက် နံနက် ၈နာရီမှ စတင်၍ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း စာဖြေဆောင်တွင် ကျင်းပသည်။

သင်တန်းအမှတ်စဉ်(၁၉) ဒုတိယနှစ် သင်တန်းဆင်းစာမေးပွဲကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၏ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကေသဝ (ဓမ္မာစရိယ၊ B.A၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)နှင့် သင်တန်းကထိက ဆရာတော် ၁၂ ပါးတို့က စီမံကြီးကြပ်တော်မူကြပြီး ဥပဏ္ဍာမှုကာ အဖွဲ့ ဥက္ကဋ္ဌ၊ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်ဆွေ၊ ဥပဏ္ဍာမှုကာအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးချစ်ထွန်း၊ အတွင်းရေးမှူး ဦးမျိုးဝင်းနိုင်နှင့် အဖွဲ့ဝင်များက တက်ရောက်ကြည်ညို၍ လိုအပ်သည်များကို ကုသိုလ်ပြုဆောင်ရွက်ပေးကြသည်။

အဆိုပါ သင်တန်းအမှတ်စဉ်(၁၉)ဒုတိယသင်တန်းဆင်း စာမေးပွဲသို့ စာဖြေသင်တန်းသားသံဃာတော် အပါး ၆၀တို့က ဝင်ရောက်ဖြေဆိုတော်မူကြပြီး စာမေးပွဲကို မတ် ၁၄ ရက်မှ ၁၉ ရက်အထိ နေ့စဉ် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းနှစ်ကြိမ်ခွဲ၍ သက်ဆိုင်ရာဘာသာရပ်များကို ဖြေဆိုတော်မူကြမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ဝ၅၂)**

## ခုနစ်လကြာ လျှပ်စစ်မီးပျက်နေသည့် အရာတော်မြို့နယ်ကို လျှပ်စစ်မီးလင်းရန် ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်



**မုံရွာ မတ် ၁၅**

ခုနစ်လကြာ လျှပ်စစ်မီးပျက်နေသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်တွင် လျှပ်စစ်မီးလင်းရေးပြုပြင်ရာတွင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများအား မတ် ၁၃ ရက်က ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

အရာတော်မြို့နယ်တွင် ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၆ ရက်မှစ၍ လျှပ်စစ်ဓာတ်အားပြတ်တောက်လျက်ရှိရာ နယ်မြေလုံခြုံရေးအရ သွားရောက်ပြုပြင်နိုင်ခြင်း မရှိခဲ့ကြောင်း သိရသည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် အရာတော်မြို့နယ် သံဃနာယကအဖွဲ့မှ သံဃာတော်များ၊ မြို့မိမြို့ဖများ၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများ ပူးပေါင်း၍ အုန်းတောဓာတ်အားခွဲရုံနှင့် ရွှေပန်းကုံးဓာတ်အားခွဲရုံကြားရှိ 66KV ဓာတ်အားလိုင်းနှင့် လွတ်ကင်းမှုမရှိသော သစ်ပင်၊ သစ်ကိုင်းများအား အသေးစိတ်လိုက်လံရှင်းလင်းခြင်း၊ လျှပ်စစ်မီးပြန်လည်ရရှိရေးပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ မတ် ၈ ရက် ည ၈ နာရီခွဲတွင် လျှပ်စစ်ဓာတ်အားကို စတင်ဓာတ်အားပို့လွှတ်နိုင်ခဲ့ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

လျှပ်စစ်မီးလင်းရေးပြုပြင်ခြင်းလုပ်ငန်းများတွင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကို အရာတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မတ် ၁၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁၀)စစ်အခြေခံလေ့ကျင့်ရေးတပ်၊ တပ်နယ်မှူး ဗိုလ်မှူးကြီး စိုးမင်းထွေးက အဖွင့်အမှာစကားပြောကြားပြီး အရာတော်မြို့နယ် လျှပ်စစ်မီးလင်းရေးပြုပြင်ခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသော သံဃာတော်များကိုယ်စား သံဃာတော်တစ်ပါးက ဩဝါဒချီးမြှင့်ပြီး မြို့နယ်လျှပ်စစ်မီးလင်းရေးလုပ်ငန်းကော်မတီမှ တာဝန်ရှိသူတစ်ဦးက အလှူငွေကောက်ခံရရှိမှုစာရင်းကို ကြေညာခဲ့သည်။

အရာတော်မြို့နယ် လျှပ်စစ်မီးလင်းရေးပြုပြင်ခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသော သံဃာတော်များအား တပ်နယ်မှူးက နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး အရာတော် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ခံနှင့် ဝန်ထမ်းများကို ဌာနဆိုင်ရာနှင့် အလှူရှင်များကိုယ်စား အရာတော်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုငွေချီးမြှင့်ပြီး ဦးထွန်းချစ်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၃၉၄)**

ဝ-ဝ-ဝ-ဝ-ဝ

## မန္တလေးဈေးကွက်အတွင်း တစ်ပတ်ရစ် ကင်မရာများ အရောင်းအဝယ်မြင့်တက်

**မန္တလေး မတ် ၁၅**

မန္တလေးရှိ ကင်မရာဈေးကွက်အတွင်း လတ်တလောကာလများတွင် ကင်မရာအရောင်းအဝယ်များ သိသိသာသာတိုးတက်လာနေပြီး ကင်မရာအသစ်များထက် တစ်ပတ်ရစ်(Second-hand) ကင်မရာများကို ဝယ်ယူသူ ပိုမိုများပြားလာကြောင်း ဈေးကွက်အတွင်းရှိ ကင်မရာဆိုင်ရှင်များထံမှ သိရသည်။

လက်ရှိဈေးကွက်အတွင်း ဝယ်ယူမှုအများဆုံးဖြစ်နေသည့် ဈေးနှုန်းမှာ ငွေကျပ် ၁၀ သိန်းဝန်းကျင်မှ ငွေကျပ် သိန်း ၃၀ ဝန်းကျင်အထိဖြစ်ပြီး ဈေးနှုန်းသင့်တင့်ကာ အရည်အသွေးကောင်းမွန်သည့် ကင်မရာများကို လူအများ စိတ်ဝင်တစားဝယ်ယူလာကြခြင်းဖြစ်သည်။

အထူးသဖြင့် မင်္ဂလာပွဲများ၊ ပွဲအခမ်းအနားများနှင့် Event များကို ရိုက်ကူးနိုင်သည့် ကင်မရာအမျိုးအစားများကို အများဆုံးဝယ်ယူနေကြပြီး အချို့ဆိုင်များတွင် လူကြိုက်များသည့် မော်ဒယ်များမှာ ပစ္စည်းပြတ်လပ်သည်အထိ ရောင်းအားကောင်းနေသည်။

လက်ရှိဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းနေသည့် ကင်မရာ မော်ဒယ်များတွင် Canon EOS 80D နှင့် Canon EOS 5D series များအပြင် Sony အမျိုးအစားများဖြစ်သည့် Sony A6400၊ Sony Alpha A7 III နှင့် Sony A7 IV တို့လည်းအရောင်းအဝယ်ကောင်းနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ဈေးနှုန်းအနေဖြင့် တစ်ပတ်ရစ်ကင်မရာများကို ငွေကျပ်သိန်း ၂၀ ဝန်းကျင်မှ ငွေကျပ်သိန်း ၄၀ ဝန်းကျင်အထိ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ကင်မရာလုပ်ငန်းစတင်လုပ်ကိုင်လိုသူများ၊ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် လူငယ် Content Creator များမှ ဝယ်ယူမှုများ တိုးလာနေသည်။



ထို့ပြင် လက်ရှိအချိန်တွင် ကင်မရာအသစ်များ၏ ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ဈေးနှုန်းသင့်တင့်သည့် တစ်ပတ်ရစ် ကင်မရာများကို ရွေးချယ်ဝယ်ယူသူ ပိုမိုများပြားလာကြောင်းလည်း ဈေးကွက်အတွင်းရှိ ကင်မရာဆိုင်ရှင်များက ပြောသည်။

ထို့ကြောင့် မန္တလေးကင်မရာဈေးကွက်အတွင်း တစ်ပတ်ရစ်ကင်မရာများ၏ ရောင်းအားမှာ ဆက်လက်တိုးတက်နေကြောင်း သိရသည်။**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**



## နဝမအကြိမ်မြောက် ဆရာကန်တော့ပွဲ ကျင်းပ

**မန္တလေး မတ် ၁၅**

ကူးသန်းရောင်းဝယ်ရေးပညာသင်တန်းကျောင်း နဝမအကြိမ်မြောက် ဆရာကန်တော့ပွဲကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် ၇၇ လမ်း၊ လမ်း ၃၀ နှင့် ၃၁ လမ်းကြား၊ ရွှေဘုံသာဘုရားဝင်းဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားသို့ ကန်တော့ခံဆရာကြီး၊ ဆရာမကြီး ၁၂ဦးကို တစ်ဦးချင်းစီ ကန်တော့ငွေများပေးအပ်ပြီး ကန်တော့ခံကျောင်းအုပ်(ငြိမ်း)ဆရာကြီး ဦးရွှေထွန်းက ဆုတောင်းမုဒိတာစကားပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် မှတ်တမ်းဓာတ်ပုံများ ရိုက်ပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

## ကန်တော်နဒီပြည်သူ့ဆေးရုံကြီးတွင် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မန္တလေး မတ် ၁၅**

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ရန်နှင့် သန့်ရှင်းသာယာသော ဆေးရုံပတ်ဝန်းကျင် ဖော်ဆောင်ရန်အတွက် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ ကန်တော်နဒီပြည်သူ့ဆေးရုံကြီးတွင် မတ် ၁၄ ရက် နံနက် ၇ နာရီမှ စတင်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

ထိုသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်ဦးဆောင်၍ ကန်တော်နဒီပြည်သူ့ဆေးရုံကြီးဝင်းအတွင်းမှ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ လူနာဆောင်များနှင့် ဧည့်သည်နားနေခန်းများရှိ အများသုံးနေရာများမှ အမှိုက်များကောက်ယူပြီး စနစ်တကျစွန့်ပစ်ခြင်း၊ ရေမြောင်းများနှင့် ရေစီးရေလာလမ်းကြောင်းများ ပိတ်ဆို့မှု မရှိစေရန် တူးဖော်ရှင်းလင်းခြင်းနှင့် အခြားပိုးမွှားများ ပေါက်ပွားနိုင်သည့် ရေဝပ်သောနေရာများကို ဖျက်ဆီးခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်းစသည့်လုပ်ငန်းများကို ဆောင်ရွက်ကြသည်။

အဆိုပါ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ဇော်ဦးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

**(အောက်ပုံ)**

**အလင်းသစ်(ချမ်းစည် ပြန်/ဆက်)**



# ဇော်ထွန်းရေးတဲ့ ကလေးကဗျာများ




'ဇော်ထွန်း ကလေးကဗျာများ (မြန်မာ-အင်္ဂလိပ် နှစ်ဘာသာ) ၇၅ ပုဒ်၊ 75 POEMS FOR CHILDREN (Myanmar-English) by ZAW TUN' ဆိုတဲ့ ကလေးကဗျာစာအုပ်တစ်အုပ် ရောက်လာတယ်။ ဇော်ထွန်းကိုယ်တိုင် လက်မှတ်ရေးထိုး ပို့လိုက်တဲ့ စာအုပ်ပါ။

ကလေးကဗျာများဆိုတဲ့အတိုင်း ကလေးတွေဘဝ တိုးတက်အောင် မှန်းဆပြီး ရေးသားထားတဲ့ ကဗျာလေးတွေဖြစ်လို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်။ ကလေးကဗျာဆိုတာ အသံသာဖို့လိုတယ်။ အသံထွက်လိုက်တာနဲ့ ကဗျာရဲ့ပုံရိပ်ကို မြင်သွားဖို့လည်း လိုတယ်။ အထူးသဖြင့် ကလေးကဗျာမှာ ကလေးတွေ နားမလည်နိုင်တဲ့ စကားလုံးတွေ မပါဖို့လည်း လိုတယ်။

ဟိုတုန်းက ကလေးကဗျာတစ်ပုဒ်ကို ဆိုကြည့်မိတယ်။

'ရွှေလမှာ ယုန်ဝပ်လို့
ဆန့်ဖွတ်သည့် အဘိုးအို
ဟောကြည့်ပါဆို ။
ဆိုသာဆို ပိုမိုတဲ့စကား
ကလေးအငိုတိတ်အောင်
အရိပ်အရောင်ပြတယ်
ဖိုးလနတ်သား '

တဲ့။ သည်ကဗျာမှာ 'ရွှေလမှာ ယုန်ဝပ်လို့'ဆိုတဲ့ အသံနဲ့အတူ လထဲမှာ ယုန်ဝပ်နေတာကို ပြေးမြင်မိတယ်။ ပြီးတော့ 'ဆန့်ဖွတ်သည့် အဘိုးအို'လို့ ဆိုပြန်တော့လည်း တောင်ဝှေးကြီးထောက်နေတဲ့ အဘိုးအိုကြီးကို လှမ်းမြင်လိုက်ရပြန်တယ်။ ဟိုး နောက်ဆုံးစာပိုဒ်မှာကျတော့ 'ကလေးအငိုတိတ်အောင် အရိပ်အရောင်ပြတယ်၊ ဖိုးလနတ်သား'ဆိုတော့လည်း လမင်းကြီးနဲ့ နတ်သားကို မြင်လိုက်ကြရတယ်။ ဒါကြောင့် အဲ့ဒီကဗျာကို ကလေးတိုင်းလိုလိုက ကြိုက်ကြတယ်။ ဆိုကြတယ်။

ဇော်ထွန်းရဲ့ စာအုပ်ထဲမှာ ပထမဆုံးတွေ့လိုက်ရတဲ့ ကဗျာလေးက 'ဝတုတ်ကလေး' တဲ့ ဆိုကြည့်ကြစမ်းပါရဲ့။

'ဝတုတ်ကလေး
ဝလုံးရေး
လမင်းဖြူဖြူဖွေး ။
ကြူကြူမွှေးတဲ့ ပါးပြင်မှာ
မေမေ လိမ်းပေးပါ ။
သနပ်ခါး ဝါဝါဝိုင်းဝိုင်းကလေး
သနပ်ခါး ဝလုံးကလေး '

'Little Wa-Toke Writing an O
Like the round moon shining a glow
Put on some sweet Thanaka, Mom,
On the cheeks of your son.
A yellow Thanaka O!
A yellow Thanaka O! '

ဒီကဗျာလေးဟာ ရိုးရိုးလေးနဲ့ ယဉ်ယဉ်လေးမို့ ကလေးတွေ ဆိုချင်ကြမယ့် ကဗျာလေးပါပဲ။ ဆိုလို့ကောင်း၊ ကလို့ကောင်းတဲ့ ကဗျာလေးပဲပေါ့။ နောက်ကဗျာတစ်ပုဒ်ကတော့ 'ပစ်တိုင်းထောင်' တဲ့ ဆိုကြည့်ကြရအောင်။

'ပစ်တိုင်းထောင် ပစ်တိုင်းထောင်
အပြုံးပန်းကို ဆောင်
လဲရင်တောင် သူ ပြန်မတ်
အမြဲ သူ ပြန်မတ် ။
လဲပြိုနေတဲ့ ဘဝတွေ
အပြုံးပန်းကို ဆောင်ပါလေ ။
ပစ်တိုင်းထောင်လို ပြန်ကာမတ်
အမြဲခြေစုံရပ် '

'Roly - Poly, Roly - Poly
Never sorry, ever jolly,
Drop on the ground, But he will never bend
Always back to stand!
O World! O Life!
Crushed you maybe,
But on and on you strive
Never give up. Wear a smile, Be jolly
Like the Roly - Poly. '

ဒီကဗျာမှာကတော့ 'ပြန်မတ်'၊ 'လဲပြို' ဆိုတဲ့ စလုံးတွေဟာ ဆိုလို့ အသံမသာယာတဲ့အပြင် ကလေးတွေကလည်း နားလည်ကြမယ် မထင်ဘူး။ 'ပြန်မတ်'ဆိုတာကို 'ပြန်ထ'ဆိုတာနဲ့ ကာရန်ရှာလိုက်မယ်ဆိုရင်တော့ ပိုကောင်းသွားမယ်ထင်တယ်။ 'လဲပြို'ဆိုတဲ့ စာလုံးကိုလည်း 'လဲကျ'ဆိုတာမျိုး ကာရန်ရှာရင် ပိုကောင်းမယ် ထင်တယ်။

နောက်ကဗျာတစ်ပုဒ်ကတော့ 'တနင်္ဂနွေ နံနက်ခင်း' တဲ့။ ဆိုကြည့်ကြစို့။

'တနင်္ဂနွေနေ့မှာ ကျောင်းတွေပိတ်တော့
တိရစ္ဆာန်ရုံကို သွားကြမယ် ။
ပြေးလွှားအရူး ခုန်ပေါက်ကစားတဲ့
မျောက်ကလေးများရယ် ဆော့လှတယ် ။
ကျား၊ ခြင်္သေ့တွေ ဟိန်းကဟောက်ရင်
ညီလေး မကြောက်ဖို့ ပြောပါ့မယ် ။
ဆင်လိမ္မာကို ကြံတွေကျွေးလို့
ဖျံတွေ ကျွေးဖို့ ငါးကလေးဝယ်
သွားမယ် သွားမယ် ... '

'Today's Sunday. No School.
Shall We Go To the Zoo?
Naughty Monkeys So Playful,
Tigers Roar and Lions, too.
Don't be Scared, My Little Bro,
Shall We Feed the Elephant Strong
Sugar Cane and Some Fodder,
And Fish For Little Otter's?
Come along, Come along! '

ဒီကဗျာထဲမှာ 'အရူး'ဆိုတဲ့ စကားလုံးကို တွေ့ရတယ်။ ဒီစကားလုံးကို ကလေးတွေ နားလည်ဖို့ မလွယ်ဘူး။ ရှေးလူကြီးတွေ ဆိုရိုးကတော့ 'အူမြူး' တယ်လို့ ကြားဖူးတယ်။ 'အရူး' တယ်ဆိုတာ မကြားဖူးဘူး။

နောက်ကဗျာလေးတစ်ပုဒ်ကတော့ 'ပြုံးတဲ့ ကိုရွှေကျား'တဲ့ ဆိုကြည့်ကြမယ်လေ။

'ကိုရွှေကျား ကိုရွှေကျား
နှုတ်ခမ်းမွေး တကားကား
ဝါကျားဝတ်စုံ ဝတ်ထားသလို
ခံ့ထည်ဝင့်ကြွားသကို
စိတ်ထားကတော့ လျှို့
သူ မလိုရင် မုန်း
သူ လိုရင် ပြုံး
သူ ပြုံးရင်တော့ သတိထား
မာယာပိုတဲ့ ကိုရွှေကျား '

'Master Tiger! Master Tiger!
Awesome big whiskers!
Wearing a cloak of yellow stripes,
A majestic pose he strikes,
Yet a genuine motive he hides.
Hates if he is seized with whims,
Smiles if he assumes a will.
Beware of his big, big smile.
Master Tiger full of wiles. '

ဒီကဗျာထဲက 'ခံ့ထည်'၊ 'လျှို့'၊ 'မာယာ'ဆိုတဲ့ စကားလုံးတွေကို ကလေးတွေ နားလည်မယ် မထင်ဘူး။ ကလေးတွေ နားလည်မယ့် စကားလုံးတွေနဲ့ ဖလှယ်ပြီး ရေးမယ်ဆိုရင် ကလေးတွေ ကြိုက်မယ့် ကဗျာလေးပါပဲ။ 'ကျား'၊ 'ကြောင်'၊ 'ခွေး'၊ 'ကြက်'၊ 'ဘဲ'၊ 'ဝက်'၊ 'ယုန်' စတဲ့ တိရစ္ဆာန်တွေနဲ့ ကလေးတွေဟာ ရင်းနှီးတဲ့ အကောင်တွေပဲပေါ့။ သူတို့နဲ့ ယှဉ်ပြီး ရေးတဲ့ ကဗျာလေးတွေဆိုရင် ကလေးတွေ ကြိုက်ကြတယ် မဟုတ်လား။

နောက်ကဗျာတစ်ပုဒ်ကတော့ 'စိမ်းလန်းသော ဤကမ္ဘာ' ဖြစ်ပါတယ်။ ဆိုကြည့်ကြရအောင် ...

'သစ်ပင်ကလေးတွေ စိုက်ကြပါ
ဘာကြောင့်ပါလဲဗျာ ။
ဒီကမ္ဘာမြေကြီး စိမ်းလန်းဖို့
အသက်ရှူဝစေဖို့
မိခင်မြေကြီး ကျန်းကျန်းမာ
ငါတို့ တာဝန်ပါ ။
စိတ်လက်ချမ်းသာ ပျော်ရွှင်ဖို့
သစ်ပင်စိုက်ကြစို့ '

'Let's grow trees, My Little boy.
Why? Why? Why?
We'll give our earth a new jacket.
A jacket fresh and green.
Let her lungs take a deep breath,
A deep breath fresh and clean,
May mother earth be healthy!
That's what we all owe.
May mother earth be happy.
Let more and more trees grow. '

ဒီကဗျာကတော့ ကလေးများနဲ့ လားလားမှ မထိုက်တဲ့ ကဗျာလို့တောင် ပြောရမယ် ထင်တယ်။ ဒီကဗျာရဲ့ အဓိပ္ပာယ်က ဒီကမ္ဘာမြေကြီး စိမ်းလန်းစေချင်တယ်။ ဒီကမ္ဘာမြေကြီး ကျန်းကျန်းမာမာ ရှိစေချင်တယ်။ ဒါကြောင့် သစ်ပင်တွေ စိုက်ရမယ်တဲ့။ ကလေးတွေက သစ်ပင်တွေရှာ၊ ပေါက်ပြားတွေ၊ တူရွင်းတွေ၊ ငန်းပြားတွေ၊ မြေဩဇာတွေ ရှာပြီး သစ်ပင်တွေ စိုက်ရမယ်တဲ့။ စဉ်းစားသာ ကြည့်ပေတော့ 'ဇော်ထွန်း'ရယ်။

လိုရင်းပြောရရင်တော့ 'ဇော်ထွန်း'ရဲ့ စာအုပ်နာမည်မှာပါတဲ့ ကလေးကဗျာများဟာ ရည်ရွယ်ချက်ကောင်းတယ်။ စေတနာ အပြည့်ပါတယ်။ စာပေသင်ပေးနေတဲ့ လူဆိုတော့ နာသုံးနာပြည့်တဲ့ စေတနာရှင်လို့ ဆိုရမှာပဲ။ ဒီကဗျာလေးတွေမှာတော့ ခက်ခဲတဲ့ စာလုံးတွေ၊ မာကျောတဲ့ စာလုံးတွေ ပါနေတာမှတစ်ပါး အခြား အပြစ်ဆိုဖွယ်ရာ မရှိဘူး။ နောက်တစ်ခါ ကလေးကဗျာစာအုပ် ထုတ်ရင် လူကြီးနားလည်မှုကိုရှောင် ကလေးတွေ နားလည်အောင် နူးညံ့ပျော့ပျောင်းတဲ့ ကာရန်လေးတွေနဲ့ ရေးသားထုတ်ဝေနိုင်အောင် ကြိုးစားပါလို့ပဲ ဆိုလိုက်ချင်ပါရဲ့။

မောင်သောက

## အခြေခံပန်းချီရေးဆွဲနည်း သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မြစ်သား မတ် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူလေးများ၏ နွေရာသီကျောင်းပိတ်ရက် အားလပ်ချိန်များတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ ကလေးငယ်များ၏ တီထွင်ဖန်တီးမှုစွမ်းရည်များ မြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် အခြေခံပန်းချီရေးဆွဲနည်း(အခမဲ့)သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကို မတ် ၁၄ ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က အမှာစကားပြောကြားရာတွင် ပန်းချီပညာနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိပြီး တန်ဖိုးထားတတ်စေရန်၊ သင်တန်းကာလ သင်ကြားမှုအပေါ်စိတ်ပါဝင်စားစွာ သင်ယူခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ အခြေခံပန်းချီရေးဆွဲနည်း သင်တန်းနည်းပြဆရာ ဦးဇော်ဇော်ဝင်းက ပြိုင်ပွဲဝင်ပန်းချီကားများ၏ ဆေးရောင်ခြယ်ခြင်းနှင့်ပတ်သက်၍ အားနည်းချက်၊ အားသာချက်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲတွင် အကြီးတန်းအဆင့်နှင့်အငယ်တန်းအဆင့် ပန်းချီပြိုင်ပွဲ ဆုရရှိသော ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆုများ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆုများ ရရှိသောပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများနှင့် သင်တန်းကာလတစ်လျှောက် အထူးချွန်ဆုံးပြိုင်ပွဲဝင်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ၊ အခြေခံပန်းချီ၊ ရေးဆွဲနည်း သင်တန်းနည်းပြဆရာ ဦးဇော်ဇော်ဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ကျောင်းသား၊ ကျောင်းသူများ၏ မိဘများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

ဝါဝါမြင့်(မြစ်သား)

၀-၀-၀-၀-၀

## မန္တလေးတိုင်းဒေသကြီး မြို့နယ်ကြက်ခြေနီ စေတနာလုပ်အားရှင်များ ကြက်ခြေနီအသိပညာပြန့်ပွားရေးအလုပ်ရုံဆွေးနွေး

**မန္တလေး မတ် ၁၅**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း လူမှုကရုဏာလုပ်ငန်းဆိုင်ရာ ပြန်ကြားဆက်သွယ်ရေးဌာန၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သော မန္တလေးတိုင်းဒေသကြီး မြို့နယ်များမှ ကြက်ခြေနီစေတနာလုပ်အားရှင်များအတွက် ကြက်ခြေနီ အသိပညာပြန့်ပွားရေးအလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၃ ရက်မှ ၁၅ ရက်အထိ မန္တလေးမြို့ Win Unity Hotel တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်တင်လေးက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးခိုင်နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (မန္တလေးရုံးခွဲ) တာဝန်ခံ Mr.Ross Farmery တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။




အလုပ်ရုံ ဆွေးနွေးပွဲသို့ ညောင်ဦး၊ ပြင်ဦးလွင်၊ မြစ်သား၊ သာစည်၊ မတ္တရာ၊ မိတ္ထီလာ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ ချမ်းအေးသာစံ၊ အောင်မြေသာစံ၊ စဉ့်ကိုင်၊ ကျောက်ဆည်၊ ရမည်းသင်းမြို့နယ်များမှ ကြက်ခြေနီစေတနာလုပ်အားရှင် ၂၉ ဦး တက်ရောက်ကြပြီး ကြက်ခြေနီအခြေခံမူများ၊ ဆောင်ရွက်ချက်နှင့် လုပ်ငန်းတာဝန်များကို သိရှိနားလည်စေရန်ရည်ရွယ်ပြီး အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ (အပေါ်ခဲပုံ)

(၀၄၅)




## ကလေးသူငယ်အား အကြမ်းဖက်ခြင်းအကြောင်း အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ပွင့်ဖြူ မတ် ၁၅**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရန်နှင့် ကလေးသူငယ်များ အကြမ်းဖက်ခြင်းမှ တားဆီးကာကွယ်နိုင်ရန် ရည်ရွယ်ကျင်းပသည့် ကလေးသူငယ်အား အကြမ်းဖက်ခြင်းအကြောင်း အသိပညာပေး ဆွေးနွေးပွဲကို မတ် ၁၃ ရက် နံနက် ၁၀ နာရီက မြို့နယ်ရုံးလူထုအခြေပြုဗဟိုဌာန Community Centre ခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာအောင်က ဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ရရှိစေမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆွေးနွေးပွဲကို ကျင်းပရာ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက ပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရန်နှင့် ကလေးသူငယ်များအား အကြမ်းဖက်ခြင်းမှ တားဆီးကာကွယ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ကလေးငယ်များ၏ အနာဂတ်ဘဝဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကာကွယ်စောင့်ရှောက်ရမည့် လုပ်ငန်းတာဝန်များ၊ ကလေးငယ်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ၊ ပညာသင်ယူခွင့်ဆိုင်ရာ အခွင့်အလမ်းများ၊ ကလေးသူငယ်များ၏ဘဝ လုံခြုံစေရေးအတွက် ပြည်သူလူထုပူးပေါင်းပါဝင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(ယာပုံ)

(၄၄၅)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## တပေါင်းအလှ နွေညွန်းသ

* တပေါင်းလသင့် ကြွေလင့်လက်ပံ
မြေမှာလွှမ်းကျ၊ နီလျှသွေးပြန်
အညာမြေဟန်၊ တည်စံမှန်းဆပ်
တင့်လှပန်းချီ၊ နွေရာသီ
မြန်ပြည်အဝန်း၊ ထင်ဟပ်ညီတည့်လေး။

* ချိန်မှန်နွမ်းအပ်၊ ကြွေထပ်ရွက်ဝါ
လေမယ်လွင့်လူး၊ ဆင့်ကူးယုက်ဖြာ
ကြည့်မြင်မိရာ၊ မျှော်ကာမခန်း
စိတ်မယ်ကြည်လင်၊ အေးမြရှင်
ရင်ခွင်ခြုံသိုင်း၊ ညှို့လွှမ်းညီတည့်လေး။

* တမာရွက်ပန်း၊ စိမ်းလန်းပင်ဝေ
ပင်ယံကိုင်းခက်၊ ညွတ်လျက်ပါလေ
ဥသြသီခြွေ၊ ရင်မောပြေသွား
နေလအရောင်၊ ကြည်လင်ဆောင်
ဝင်းပြောင်ဖြာဆပ်၊ နွေထားညီတည့်လေး။

* ကျောင်း ကန် ဘုရား၊ ခိုနားရိပ်မယ်
ဓမ္မသံတေး၊ သီကြွေးကာရယ်
သီလစောင့်တယ်၊ ဥပုသ်သည်တို့
နွေအရိပ်ခို၊ မေတ္တာပို
စိတ်ပျိုကိုယ်န၊ ကောင်းလို့ညီတည့်လေး။

* တောင်စွယ် တောင်မို့၊ စိမ်းညို့သာယာ
တောင်ယာစပါး၊ ဝင့်ကြွားထည်ဝါ
ပြည့်ကျီရိက္ခာ၊ ဖူလုံကာပ
လများနှောင်တော်၊ တပေါင်းခေါ်
ရွှင်ပျော်ဆန်းသစ်၊ မြတ်လှညီတည့်လေး။

* လျှမ်းခလို့သာ၊ တွေးကာညွှန်းတော့သည်
ဆန်းမြတ်တို့မှာ၊ ရေးလွှာမွှန်းပေ့ါတည်။ ။

မင်းမြတ်မိုး(မန်းမြေ)



# နိုင်ငံတကာ အားကစား သတင်းများ

## နည်းပြ ရော်ဘီကိန်းကို စပါးအသင်း နည်းပြသစ်အဖြစ် ခန့်အပ်ဖွယ်ရှိသည်ဟု သတင်းများထွက်ပေါ်

**လန်ဒန် မတ် ၁၅**

စပါးအသင်းသည် လက်ရှိအချိန်တွင် အသင်း၏ ရလဒ်ဆိုးများကြောင့် နည်းပြ တူဒေါကို ရာထူးမှ ထုတ်ပယ်ပြီး နည်းပြ ရော်ဘီကိန်းကို နည်းပြသစ်အဖြစ် ခန့်အပ်သွားဖွယ်ရှိကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။

နည်းပြ ရော်ဘီကိန်းသည် လက်ရှိအချိန်တွင် ဗီရန်ဘာရိုစ် အသင်းကို ကိုင်တွယ်ပြီး ပြိုင်ပွဲ ၇၁ပွဲတွင် ၄၄ပွဲနိုင်၊ ၁၄ပွဲသရေ၊ ၁၃ပွဲရှုံး ရလဒ်ပိုင်ဆိုင်ပြီး အတွေ့အကြုံရှိသည့် နည်းပြကောင်းတစ်ဦးဖြစ်ခြင်းကြောင့် စပါးအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် စီစဉ်လာခြင်း ဖြစ်သည်။

နည်းပြ ရော်ဘီကိန်းကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ် ကလပ်အသင်းများကို ကိုင်တွယ်လိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် နည်းပြ ရော်ဘီကိန်းအား စပါးအသင်းနည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(အောက်ပုံ) (NGB)



## ရီမီဟီမ်ဘတ် ခြေကျင်းဝတ်ဒဏ်ရာကြောင့် နှစ်လခန့် အနားယူရဖွယ်ရှိ



**ပါရီ မတ် ၁၅**

လိုင်ယွန်အသင်း တောင်ပံကစားသမား ရီမီဟီမ်ဘတ်သည် ခြေကျင်းဝတ်ဒဏ်ရာကြောင့် နှစ်လခန့် အနားယူရဖွယ်ရှိသည်။

အဆိုပါ တောင်ပံကစားသမားသည် ယူရိုပါလိဂ်ပွဲစဉ်အဖြစ် လိုင်ယွန်အသင်းနှင့် ဆဲလ်တာဗီဂိုအသင်းတို့ တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

တောင်ပံကစားသမား ရီမီဟီမ်ဘတ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် လိုင်ယွန်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၁၈)နှစ်အရွယ်ရှိ တောင်ပံကစားသမား ရီမီဟီမ်ဘတ်သည် လိုင်ယွန်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၁ပွဲကစားပြီး သုံးဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။ (အပေါ်ပုံ) (NGB)

## ပရီးမီးယားလိဂ်သမိုင်းတွင် အသက်အငယ်ဆုံး ဂိုးသွင်းနိုင်သူအဖြစ် မက်စ်ဒေါမန်း မှတ်တမ်းဝင်

**လန်ဒန် မတ် ၁၅**

အာဆင်နယ်အသင်း ကွင်းလယ်တိုက်စစ်ကစားသမား မက်စ်ဒေါမန်း(အသက် ၁၆နှစ် ၇၃ ရက်)သည် ပရီးမီးယားလိဂ်သမိုင်းတွင် အသက်အငယ်ဆုံး ဂိုးသွင်းနိုင်သူအဖြစ် စံချိန်မှတ်တမ်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အာဆင်နယ် အသင်းက အဲဗာတန်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။



ကွင်းလယ်တိုက်စစ်ကစားသမား မက်စ်ဒေါမန်းသည် ယခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ခုနစ်ပွဲ ကစားပြီး တစ်ဂိုး သွင်းယူထားနိုင်ခဲ့သည်။

မက်စ်ဒေါမန်းက "ကျွန်တော် အခုလို စံချိန်မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုစံချိန်မှတ်တမ်းတွေအပြင် အသင်းနဲ့အတူ အောင်မြင်မှု ဆုဖလားများစွာ ရရှိအောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(ဝဲပုံ) (NGB)

## လူးဝစ်ဟောကို စာချုပ်သက်တမ်းတိုးရန် နယူးကာဆယ်အသင်းစီစဉ်

**လန်ဒန် မတ် ၁၅**

နယူးကာဆယ်အသင်းသည် အသင်း နောက်ခံကစားသမား လူးဝစ်ဟောကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အဆိုပါ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် နယူးကာဆယ်အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။



နောက်ခံကစားသမား လူးဝစ်ဟောသည် နယူးကာဆယ်အသင်းနှင့်အတူ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၄ ပွဲ ကစားပြီး သုံးဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

နယူးကာဆယ်အသင်း၏ ထုတ်ပြန်ချက်တွင် "လူးဝစ်ဟောကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။

(ယာပုံ) (NGB)

## ပါဘလိုဘာရီယို့စ်ကို ခေါ်ယူရန် မန်စီးတီးအသင်း စီစဉ်

**လန်ဒန် မတ် ၁၅**

မန်စီးတီးအသင်းသည် အက်သလက်တီကိုမက်ဒရစ် အသင်း ကွင်းလယ်ကစားသမား ပါဘလိုဘာရီယို့စ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အက်သလက်တီကိုမက်ဒရစ် အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၈ ပွဲကစားပြီး ခုနစ်ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်စီးတီးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား ပါဘလိုဘာရီယို့စ်ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် မန်စီးတီးအသင်း အနေဖြင့် လာမည့် နွေရာသီဈေးကွက်အတွင်းတွင် အက်သလက်တီကိုမက်ဒရစ် အသင်းထံမှ ပါဘလိုဘာရီယို့စ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ (ဝဲပုံ) (NGB)



## 2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Aryna Sabalenka တက်ရောက်

**မိုင်ယာမီ မတ် ၁၅**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ဘီလာရုတင်းနစ်မယ် Aryna Sabalenka တက်ရောက်နိုင်ခဲ့သည်။

အဆိုပါ ဘီလာရုတင်းနစ်မယ် Aryna Sabalenka သည် 2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ချက်တင်းနစ်မယ် Linda Noskova အား ၆-၃၊ ၆-၄ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဘီလာရုတင်းနစ်မယ် Aryna Sabalenka နှင့် ကာဇက်စတန်တင်းနစ်မယ် Elena Rybakina တို့ ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



### ဘောလုံးသတင်းအတိုအထွာများ

* ဘိုင်ယန်မြူးနစ်အသင်းသည် လိုက်ပဇစ်အသင်း တောင်ပံကစားသမား ဒီယိုမန်ဒီကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ပရီးမီးယားလိဂ် ကလပ်အသင်းများဖြစ်သည့် မန်စီးတီး၊ နယူးကာဆယ်၊ စပါးအသင်းတို့သည် ကိုလုံးအသင်း တောင်ပံကစားသမား မာလာကို အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ (NGB)

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၈) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၇-၃-၂၀၂၆<br>နံနက် ၀၂:၃၀ နာရီ | (၂၀)ပို့စ်မောက် - ဒါဘီ(၈)<br>(W,L,L,D,L) (L,L,W,W,L) | ပို့စ်မောက် ၂-၂ ဒါဘီ<br>ဒါဘီ ၄-၀ ပို့စ်မောက် |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၂) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၆-၃-၂၀၂၆<br>တနင်္လာနေ့ | ညနေ ၃:၃၀ နာရီ | (၁၀)ဒဂုံပေါ့ - ရတနာပုံ(၆)<br>(L,D,W,W,L) (L,L,W,W,L) | ဒဂုံပေါ့ ၁-၂ ရတနာပုံ<br>ရတနာပုံ ၃-၃ ဒဂုံပေါ့ |
| ၁၆-၃-၂၀၂၆<br>တနင်္လာနေ့ | ညနေ ၄:၀၀ နာရီ | (၁၁)ရှိုင်း - ISPE (၅)<br>(L,L,L,L,D) (L,W,L,L,W) | ရှိုင်း ၀-၀ ISPE<br>ISPE ၅-၁ ရှိုင်း |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၇-၃-၂၀၂၆<br>နံနက် ၀၂:၁၅ နာရီ | (၁၈)ခရီမိုနီဆီ - ဖီအိုရင်တီးနား(၁၇)<br>(L,D,L,L,L) (W,L,L,D,W) | ခရီမိုနီဆီ ၀-၂ ဖီအိုရင်တီးနား<br>ဖီအိုရင်တီးနား ၃-၂ ခရီမိုနီဆီ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၈) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၇-၃-၂၀၂၆<br>နံနက် ၀၂:၃၀ နာရီ | (၁၅)ဗယ်လက်ကာနို - လီဗန်တေး(၁၉)<br>(D,D,W,D,W) (L,L,L,W,D) | ဗယ်လက်ကာနို ၂-၄ လီဗန်တေး<br>လီဗန်တေး ၁-၁ ဗယ်လက်ကာနို |

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၀) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၇-၃-၂၀၂၆<br>နံနက် ၀၂:၃၀ နာရီ | (၇)ဘရန့်ဖို့ဒ် - ဝုဗ်(၂၀)<br>(W,L,W,D,L) (D,L,W,W,L) | ဘရန့်ဖို့ဒ် ၅-၃ ဝုဗ်<br>ဝုဗ် ၁-၁ ဘရန့်ဖို့ဒ် |

